
စိတ်ကူးချိုချိုအနုပညာ



SAMUEL SMILES ဒုတိယအကြိမ်

# SELF-HELP

## သင့်အောင်မြင်မှုအတွက် သင်ကိုယ်တိုင်စွမ်းဆောင်ပါ

မိုး
မြန်မာပြန်

mgyoe.com

mgyoe.com

ဆင်မြူရယ် ဆမိုင်းလ်စ်သည်
အင်္ဂလိပ်ဂန္ထဝင် တက်ကျမ်းဆရာ ဖြစ်သည်။
**Self-Help**သည် သူ၏ ပထမဆုံးနှင့်
အကျော်ကြားဆုံးလက်ရာဖြစ်ပြီး သူသည်လည်း
အင်္ဂလိပ်တက်ကျမ်းပြု စာရေးဆရာများထဲမှ
ပထမဆုံးနှင့် အကျော်ကြားဆုံးဟု အဆိုရှိသည်။
ဤစာအုပ်တွင်မူ ယနေ့ လူငယ်လူရွယ်
မောင်မယ်များအတွက် အတွေးအခေါ် သက်သက်ကို
တိုက်ရိုက်နည်းဖြင့် ပို့ပေးရန် လိုအပ်သဖြင့်
စာနှင့်စကား ရောထွေးလျက်
လွယ်ကူရှင်းလင်းအောင်
ရေးသားပေးလိုက်ပါသည်။



BM0006
1,200.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ မေလ၊ ဒုတိယအကြိမ်၊ ၁၉၉၇ လင်းဦးတာရာတိုက်ထုတ် ပထမအကြိမ်မှ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

၈၀၈ . ၈၃

သင့်အောင်မြင်မှုအတွက်သင်ကိုယ်တိုင်စွမ်းဆောင်ပါ
ဝမိုး-ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၄။
စာမျက်နှာ ၁၁၄၊ မျက်နှာ၊ ၁၂·၅ စင်တီ x ၁၈·၅ စင်တီ
(၁) သင့်အောင်မြင်မှုအတွက်သင်ကိုယ်တိုင်စွမ်းဆောင်ပါ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သင့်အောင်မြင်မှုအတွက် သင်ကိုယ်တိုင်စွမ်းဆောင်ပါ

# SELF-HELP

**SAMUEL SMILES**

**ပမိုး**

ခုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

– အမှာစကား က

**အခန်း(၁)**

လွတ်လပ်လှုပ်ရှားနေသော စွမ်းအားများ ၁

**အခန်း(၂)**

နိုင်ငံ၏သူရဲကောင်းများအဖြစ်သို့ ၂၆

**အခန်း(၃)**

ဖွဲ့နှင့်မာန်နှင့်စွဲမြဲခြင်း ၃၆

**အခန်း(၄)**

အကူအညီများနှင့် အခွင့်အလမ်းများ၊

သိပ္ပံပညာလိုက်စားခြင်းများ ၄၇

**အခန်း(၅)**

အနုပညာအလုပ်များ ၅၆

**အခန်း(၆)**

ခွန်အားနှင့် သတ္တိ ၆၈

**အခန်း(၇)**

စီးပွားလမ်းစွမ်းဆောင်ရည် (Business Qualities) ၈၃

❑

mgyoe.com

mgyoe.com

ဗမိုး

# သင့်အောင်မြင်မှုအတွက်

## သင်ကိုယ်တိုင်စွမ်းဆောင်ပါ

# SAMUEL SMILES
# SELF-HELP

mgyoe.com

mgyoe.com

# အမှာစကား

ဆင်မြူရယ် ဆမိုင်းလ်စ်သည် အင်္ဂလိပ်ဂန္ထဝင် တက်ကျမ်းဆရာ ဖြစ်သည်။

Self-Helpသည် သူ၏ ပထမဆုံးနှင့် အကျော်ကြားဆုံးလက်ရာဖြစ်ပြီး သူသည်လည်း အင်္ဂလိပ်တက်ကျမ်းပြု စာရေးဆရာများထဲမှ ပထမဆုံးနှင့် အကျော်ကြားဆုံးဟု အဆိုရှိသည်။

စကားပြေမှာ ၁၉ ရာစုနှောင်းပိုင်း ၂၀ ရာစုသို့ အကူးဖြစ်၍ ဝါကျတည်ဆောက်ပုံမှာ ရှည်လျားပြီး ပထမတစ်ခေါက်အဖတ်မှာ ရှုပ်ထွေးနက်နဲလှသည်ဟု ထင်ရ၏။ သို့သော် သူသည် လက်တွေ့ကို စေတနာအညွန်းနှင့် အမွှမ်းတင်ထားသဖြင့် ကျွန်တော့်အဖို့တော့ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်နီးပါးခန့်မှစပြီး ယနေ့အထိ အတွေးအခေါ်များ ရိုးအီသွားခြင်း မရှိသည်ကို တွေ့ရသည်။

သို့ဖြင့် လက်လှမ်းမီသူများ Self-Help မူရင်းကို ဖတ်စေချင်လှပါသည်။

ဤစာအုပ်တွင်မူ ယနေ့ လူငယ်လူရွယ် မောင်မယ်များအတွက်

mgyoe.com

mgyoe.com

အတွေးအခေါ်သက်သက်ကို တိုက်ရိုက်နည်းဖြင့် ပို့ပေးရန် လိုအပ်သဖြင့် စာနှင့်စကား ရောထွေးလျက် လွယ်ကူရှင်းလင်းအောင် ရေးသားပေးလိုက်ပါသည်။

လေးစားအပ်သော စာဖတ်သူများ၏ တုံ့ပြန်ချက် အဆိုပြုချက်များကို ကြိုဆိုလျက်ပါ။

ဤစာအုပ်သည် ဆင်မြူရယ် ဆမိုင်းလ်စ်၏ အောက်ပါစာအုပ်များသို့ နိဒါန်းသွယ်မိပြီဆိုလျှင်ပင် ကျွန်တော်ပျော်ပိုက်လှပါပြီ။

- **Character**
- **Thrift**
- **Duty**
- **Life and Labour**

ဇမိုး

၁၆–၅–၉၇

mgyoe.com

mgyoe.com

အခန်း(၁)

# လွတ်လပ်လှုပ်ရှားနေသော စွမ်းအားများ

**တစ်ဦးချင်းမှသည် တစ်မျိုးသားလုံး**

‘တစ်နိုင်ငံရဲ့ ရေရှည်တန်ဖိုးသည်
နိုင်ငံတော်ကို ဖွဲ့စည်းထားသော
တစ်ဦးချင်းလူသားများဖြစ်၏’

*ဂျွန်စတူးဝပ်မီလ်*

‘ကျွန်ုပ်တို့သည် နည်းစနစ်တွေကိုသာ
ကြည့်မိနေတာများသည်၊
လူကိုကြည့်မိတာ နည်းလွန်းသည်’

*ဒစ္စရေလီ*

မိမိကိုယ်မိမိကူညီသူများကို ကောင်းကင်ဘုံက ကူညီသည်။ လက်တွေ့ကောင်းစွာ ကျင့်သုံးပြီး စံချိန်တင်ထားရသော ဆောင်ပုဒ်ဖြစ်သည်။ ဆောင်ပုဒ်က ငယ်ငယ်လေးပါ။ ဒါပေမဲ့ ဒီဆောင်

mgyoe.com

ပုဒ်ငယ်ငယ်လေးထဲမှာ လူသားများရဲ့ အတွေ့အကြုံတွေ တစ်လှေကြီးပါ။

ကိုယ့်အစွမ်းနှင့်ကိုယ်တိုင် လုပ်ရှားအားထုတ်ခြင်းသည် လူတစ်ဦးချင်း၏ စစ်မှန်သော ကြီးပွားတိုးတက်မှု အားလုံးရဲ့ ရေသောက်မြစ်ဖြစ်သည်။

ဤကဲ့သို့ တစ်ဦးချင်း ကြီးပွားတိုးတက်ခြင်းများ စုပေါင်းထားမှ တစ်မျိုးသားလုံး၏ခွန်အား၊ စွမ်းအားများ အမှန်တကယ် ဖြစ်မည်။

ပြင်ပ အကူအညီဆိုသည်က မိမိတို့စွမ်းအားကို ချည့်နဲ့စေတတ်သည်။

မိမိတို့ ကိုယ်တွင်းဖြစ် ခွန်အားသာလျှင် တွန်းအားအကောင်းဆုံးဖြစ်သည်။

တစ်ပါးသူက တစ်ခုခု ကူညီလာပြီဆိုရင် အကူအညီယူသူ၊ ခံရသူမှာ မိမိဘာသာ လုပ်ရှားရမည့် တွန်းအား၊ မလုပ်မနေလုပ်ရမည့် အနေအထား လျော့ပါးသွားပါပြီ။ လမ်းညွှန်တာတွေများလွန်းသွားပြီး အုပ်ချုပ်တာတွေများလွန်းလာရင် လူမှာ စွမ်းအားမဲ့၊ အားကိုးရာမဲ့ ဖြစ်သွားသည်။

အကောင်းဆုံး နေရာမှပေးသော အကူအညီဆိုသည်မှာပင် အသက်မပါလှပေ။ လှုပ်ရှားအားကောင်းလှတာ မဟုတ်ပေ။ အမှန်က လူကို သူ့အတိုင်းလွတ်လွတ်လပ်လပ်နှင့် သူ့တစ်ဦးချင်းပိုကောင်းအောင် လွှတ်ထားရမည်။ သို့သော် ခေတ်အဆက်ဆက်ပင် လူတို့သည် မိမိတို့ စိတ်ချမ်းသာကိုယ်ချမ်းသာဖို့ကို မိမိတို့ဘာသာ လှုပ်ရှားအားထုတ်ရယူခြင်းထက် 'ဌာန' များက လုပ်ပေးမှာဆိုတာကို ယုံကြည်မြဲခဲ့ကြသည်။ သို့ဖြင့် ပြင်ပဌာနများကို

mgyoe.com

mgyoe.com

လိုအပ်တာထက် ပိုပြီး ယုံကြည်ကိုးစားခဲ့ကြသည်။

အမှန်က လူပျင်းကို အားထုတ်လှုပ်ရှား ဝီရိယအားကောင်းလာအောင်၊ စေးနည်းသူကို ပေးကမ်းမှု ပြုဖြစ်လာအောင်၊ အရက်သေစာမူးယစ်သူကို အမူးပြေကာ စိတ်မှန်လာအောင် ပြုစွမ်းသူမှာ ကိုယ်တိုင်သာဖြစ်သည်။ လွတ်လွတ်လပ်လပ် လှုပ်ရှားမှုများဖြစ်သော မိမိကိုယ်မိမိ တွန်းအားများ ခြိုးခြံချွေတာခြင်းများဖြစ်သည်။

အမှန်က နိုင်ငံတော်၏ စွမ်းအားသည် ၎င်း၏ ဖွဲ့စည်းမှုပုံသဏ္ဍာန်ပေါ်မှာ မဟုတ်ဘဲ ပါဝင်သော တစ်ဦးစီ၏ စရိုက်ပေါ်မှာ တည်သည်။

တစ်မျိုးသားလုံးဆိုတာက တစ်ဦးချင်းကို စုပေါင်းဖွဲ့စည်းထားတာမဟုတ်လား။

လူ့ယဉ်ကျေးမှု ဆိုတာကလည်း လူတစ်ဦးချင်းတိုးတက်မှုတွေ စုပေါင်းဖြစ်တည်နေခြင်း မဟုတ်လား။

တစ်မျိုးသားလုံး၏ တိုးတက်မှုသည် တစ်ဦးချင်းရဲ့ ဝီရိယ၊ ခွန်အားနှင့် ဖြောင့်မတ်မှုများ၊ ပေါင်းစည်းထားသလို တစ်ဦးချင်းရဲ့ ပျင်းရိမှုများ၊ တစ်ကိုယ်ကောင်းဆန်မှုများ၊ ဒုစရိုက်များ ဖွဲ့စည်းထားခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် လူ့အသိုင်းအဝိုင်း အနေအထားကို ပိုပြီးကောင်းအောင်၊ စရိုက်တွေ ပိုပြီးကောင်းအောင် အောက်ခြေမှစပြီး လှုန်လှော်ကာ လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ဤတွင် မျိုးချစ်စိတ်နှင့် ဒါနစိတ်ဆိုသည်များမှာ ဥပဒေတွေပြောင်းလဲ၊ ဌာနတွေပြောင်းလဲသည်ထက် လူတစ်ဦးချင်းကို အကူအညီပေး၊ တွန်းအားပေးတာက လူသားအားလုံးရဲ့ တိုးတက်မှုတွေကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ သူတို့ဘာသာ လှုပ်ရှားအားထုတ်မှုတွေမှာ ပိုပြီး

mgyoe.com

 mgyoe.com 

လွတ်လပ်မှုပေးဖို့ဖြစ်သည်။

## ကျွန်စိတ်ပျောက်ဖို့လိုသည်

လူတစ်ဦးချင်း အကြီးဆုံး ကျွန်ဖြစ်သွားသည်မှာ အုပ်ချုပ်သူထက် မိမိ၏အသိဉာဏ်အားနည်းမှု၊ တစ်ကိုယ်ကောင်းဆန်မှုနှင့် ဒုစရိုက်မှုများကြောင့် ဖြစ်သည်။ ထို့ကြောင့် မိမိနှလုံးသားထဲမှာ ကျွန်စိတ်ရှိနေရင် ကျွန်အဖြစ်က ကျွတ်လွတ်သွားအောင် ဆရာပြောင်းလဲရုံ၊ ဌာနပြောင်းလဲရုံနှင့် ရမည်မဟုတ်ပေ။(လူမှာရှိနေသော အသိမိုက်မဲ အားနည်းမှု အဝိဇ္ဇာနှင့် အသိမှားယွင်းမှု မောဟကို မိမိသာလျှင် ဖျောက်ဖျက်ပြုပြင်သွားရမည်ဖြစ်သည်)

လွတ်လပ်ခြင်းအတွက် ခိုင်မာကျစ်လျစ်သော အခြေခံပန္နက်ကို လူတစ်ဦးချင်းစရိုက်ပေါ်မှာ မူတည်ရသည်။The solid foundation of liberty must rest upon individual character.

သို့မှသာလျှင် တစ်မျိုးသားလုံး လုံခြုံမှုရကာ တစ်မျိုးသားလုံး တိုးတက်မည် ဖြစ်သည်။ အင်္ဂလိပ်တို့၏ လွတ်လပ်မှု အချုပ်အခြာသည် ဤကဲ့သို့သော ခွန်အားအစစ်အမှန်ကို အနှစ်သာရပြုထား၏။ In this consists the real strength of English liberty. လူတစ်ဦး အားထားရာ ရင်းမြစ်သည် ပြင်ပမှာမဟုတ်။ မိမိတို့ကိုယ်တွင်း (within himself) ဟု သူတို့ ခံစားသည်။ လွတ်လပ်စွာပြောဆိုခွင့် (freedom of speech) ထက် မိမိတို့ဘဝ နေထိုင်မှု တော်တည့်ဖြောင့်မတ်ခြင်းနှင့် အားစိုက်ခွန်စိုက် လှုပ်ရှားမှုများကြောင့်ဖြစ်သည်ဟု ခံစားသည်။

mgyoe.com

mgyoe.com


ဤသို့ဖြင့် စွမ်းအားခွန်အား အနည်းဆုံးလူသည်ပင် နိုင်ငံနှင့် လူမျိုး တည်ဆောက်မှု ခေတ်အဆက်ဆက်မှာ ပါဝင်နိုင်ခဲ့သည်။ တွေးခေါ်ရှင်များ၊ လှုပ်ရှားသူများထဲတွင် လယ်ယာလုပ်သူများ၊ သတ္တုတွင်းလုပ်သားများ၊ တီထွင်သူများ၊ ရှာဖွေသူများ၊ အရောင်း အဝယ်သမားများ၊ စက်ပြင်လုပ်သားများ၊ လက်လုပ်လက်စား ကာယလုပ်သားများ၊ ကဗျာစာဆိုများ၊ နိုင်ငံရေးသမား စသည်များ အားလုံး ပေါင်းစုံပါဝင်လှုပ်ရှားခဲ့သည်။ သို့ဖြင့် မျိုးဆက်တစ်ဆက်၏ လုပ်အားကို နောက်မျိုးဆက်က ဆက်လက်၍ ရှေ့သို့သယ် ဆောင်ခဲ့ကြသည်။ နိုင်ငံတော်နှင့် လူမျိုးစရိုက်ကို တည်ဆောက်ခဲ့ ကြသည်။ စီးပွားတက်လမ်း၊ ကြီးပွားရေးလမ်းများ ဖောက်ခဲ့ကြ သည်။ ကျစ်လျစ်ခိုင်မာသော အခြေခံများပေါ် တည်ဆောက်ခဲ့ကြ ခြင်းဖြစ်၏။

ဤမြင့်မြတ်သော လုပ်အားရှင် မျိုးဆက်များ၊ လူ့ယဉ်ကျေးမှု တည်ဆောက်သူများသည် ပရမ်းပတာတွေထဲ ညီညွတ်ချောပြေမှု များ ဖန်တီးယူခဲ့ကြသည်။ စက်ရုံအလုပ်ရုံ၊ သိပ္ပံပညာနှင့် အနုပညာ ရပ်များ ဖန်တီးအားကောင်းခဲ့ကြသည်။ ဤဘိုးဘွားမိဘများ၏အမွေ အနှစ်များကို ကျွန်ုပ်တို့ ရရှိခံယူကြပြီးဖြစ်သည်။ သို့ဖြင့် ဤအမွေ အနှစ်များ မပျက်ယွင်းစေရုံသာမဟုတ် ပိုပြီးကောင်းအောင်လုပ်ကာ ဆက်လက်၍ လက်ဆင့်ကမ်းခဲ့ကြရမည်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ် သည်။

**So is it our duty to hand it down not only unimpaired, but improved, to our successors.**

ဤ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်သည်အင်္ဂလိပ်တို့၏ထူးခြား

mgyoe.com

သော တစ်ဦးချင်းမျိုးရိုးစရိုက်ဖြစ်သည်။ ခေတ်အဆက်ဆက်တက်ကြွစွာပြသခဲ့ပြီးဖြစ်သည်။ အင်္ဂလိပ်လူမျိုးတို့၏အစွမ်းထက်မှုကို သတ်မှတ်တိုင်းတာခဲ့သောအရာဖြစ်သည်။ အများထဲမှာနှာတစ်ဖျားသာ၊ ခေါင်းတစ်လုံး ပိုမြင့်သောသူသည် အများ၏လေးစားအားထားမှုကို ရရှိခဲ့ကြသည်။ ဤကဲ့သို့သော တစ်ဦးချင်းများစွာရှိခဲ့သည်။

## လူများစုဖန်တီးရှင်

သို့သော် ကျွန်ုပ်တို့၏ တိုးတက်မှုမှာ လူသိနည်းသော သူလိုငါလိုလူများစွာကြောင့်ဖြစ်သည်။ လူ့ပ်ရှားမှုသမိုင်းမှာ စစ်ဗိုလ်ချုပ်ကြီးများ၏အမည်ကိုသာ မှတ်မိကြမည်ဖြစ်သော်လည်း အောင်ပွဲရခဲ့သည်မှာ အဓိကအားဖြင့် ရဲဘော်လေးများ၏သတ္တိအပြည့်နှင့် သူရဲကောင်းပီသစွာစွန့်စားခဲ့ခြင်းကြောင့်ဖြစ်သည်။

Though only the generals' names may be remembered in the history of any great complaining, it has been mainly throught the individual valour and heroism of the privates that the victories have been won.

အမှန်က ဘဝဆိုတာလည်း ရဲဘော်လေးရဲ့တိုက်ပွဲ၊ စစ်ပွဲတစ်ပွဲပါပဲ။

And life, too, is a solider's battle.

ခေတ်အဆက်ဆက်ပင် သူလိုငါလို လူတစ်ဦးချင်းများသည် လုပ်အားအများဆုံး အကောင်းဆုံးသားလုပ်သားများထဲတွင်ပါ

mgyoe.com

mgyoe.com


ဝင်ကြသည်။

Men in the ranks, in all times have been amongst the greatest of workers.

ဤကဲ့သို့သော လူသားများ၏ အတ္ထုပ္ပတ္တိများကိုလည်း ကြီးကျယ်သူများလို ရေးသားပြုစုကြဖို့ များစွာရှိသေးသည်။

အနိမ့်ကျဆုံးသော လူသားတစ်ဦး သူ၏ဝီရိယအားကောင်းမှု၊ တည်ငြိမ်မှု၊ ဖြူစင်ဖြောင့်မတ်သော ရည်ရွယ်ချက်စသည်များသည် ပစ္စုပ္ပန်မှာရော၊ အနာဂတ်မှာပါ တခြားလူများအပေါ် သြဇာညောင်းသွားနိုင်သည်။ စံထားအားပြုစရာ ဖြစ်သွားနိုင်သည်။ ဤသို့ဖြင့် မထင်မရှား လူသားငယ်သည် မိမိနိုင်ငံကို အကျိုးပြုလျက်ရှိပါပြီ။ သူ့ဘဝ သူ့စရိုက်သည် သူမသိလိုက်ဘဲ သူ့နိုင်ငံ သူ့လူမျိုးအတွက် ခေတ်အဆက်ဆက်လူသားများအားလုံး ပျံ့နှံ့ကူးစက်စိမ့်ဝင်သွားပါပြီ။

ဤကဲ့သို့ လူသားအကျိုးပြု မဟာလူသားကြီးများသည် ရိုးရိုးကျင့် မြင့်မြင့်ကြံရာ၌ စံနမူနာများဖြစ်ခဲ့ကြသည်။

သူတို့ သူတို့မှာ–

စံပြုအားထားစရာ ရှိခဲ့သည်များကား

– ကိုယ့်အားကိုယ်ကိုးခြင်းရဲ့ စွမ်းအား
(power of self-help)
– စွဲမြဲသော ရည်ရွယ်ချက်
(patient purpose)
– ခွဲမာန်ကြီးသော လုပ်အား
(resolute working)

mgyoe.com

 mgyoe.com


– တည်ငြိမ်သော သိက္ခာ
(stead -fast integrity)

ဤသည်များဖြင့် တကယ်မြင့်မြတ်သော၊ ယောကျ်ားကောင်းပီသသော စရိုက်များဖြစ်တည် ဖွံ့ဖြိုးစေခဲ့ကြသည်။

မိမိတို့ကိုယ် မိမိတို့ တန်ဖိုးထားလေးစားခြင်း၏ အစွမ်းထက်မှုကို ပြသခဲ့ကြသည်။

ဤသို့ဖြင့် ကိုယ်အားကိုယ်ကိုးနိုင်မှုကို ပြသခဲ့ကြသည်။

ဤနည်းဖြင့် အနိမ့်ကျဆုံးသော လူသားများသည် မျိုးရိုးရာထူး အဆင့်အမြင့်ဆုံးသော လူတွေနှင့်ယှဉ်နိုင်ခဲ့ကြသည်။

ဤအရည်အသွေးများဖြင့် မိမိတို့မှာ မြင့်မြတ်သော၊ သိက္ခာရှိသော အရည်အချင်းများပြည့်စုံလာကာ ကျစ်လျစ်ခိုင်မာသော အခြေခံပန္နက်များ တည်ဆောက်နိုင်ကြမည်ဖြစ်၏။

## ပညာရေး၏အနှစ်သာရ

ဤကဲ့သို့သော တစ်ဦးချင်းလူသားများ၏ ခွန်အားသည် လှုပ်ရှားမှုများအားလုံး၏ ရှင်သန်သောဗဟိုရ် (living center of action) ဖြစ်ခဲ့သည်။ ဤဗဟိုရ်များကို အနှစ်သာရပြုလည်ပတ်ပြီး မိမိတို့၏ခွန်အားများဖြစ်တည်စုစည်းနိုင်ခဲ့ကြသည်။ စုဝေးပေါင်းစပ်နိုင်ခဲ့ကြသည်။ သို့ဖြင့် လူသားအားလုံး၏ဘဝအရှိန် ပိုပြီးမြန်စေခဲ့သည်။ လိုအပ်သည့် အချိန်အခါမှာလည်း တစ်မျိုးသားလုံးပေါင်းရုံးလှုပ်ရှားခွန်အား ကောင်းခြင်းကို အသေအချာရနိုင်၊ ပြုနိုင်၊ ပြနိုင်ခဲ့ကြသည်။

ဤကဲ့သို့သော တစ်ဦးချင်းခွန်အား (individual energy)

mgyoe.com

mgyoe.com


နှင့် စံပြုအားထားရသော လှုပ်ရှားမှုများသည် ပညာရေး၏အနှစ်သာရ ပြဋ္ဌာန်းချက်များဖြစ်သည်။

ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များဆိုတာက ပျိုးထောင်လေ့ကျင့်မှု အစဖော်ပေးရုံမျှသာဖြစ်သည်။

ပိုပြီး ထိရောက်၊ ပိုပြီး အရေးပါတဲ့ ပညာက နေ့စဉ်နှင့်အမျှ အိမ်တွေမှာ၊ လမ်းပေါ်မှာ၊ ကောင်တာများရဲ့ နောက်မှာ၊ ဝပ်ရှော့တွေမှာ၊ ရက်ကန်းစင်တွေမှာ၊ ထွန်လုံး ထွန်ယက်တွေမှာ၊ ဘဏ်တွေမှာ၊ အလုပ်ရုံတွေမှာ ....အို ....နှလုံးသားများ လှုပ်ရှားနေရာ အားလုံးမှာပြုနေတဲ့ လှုပ်ရှားမှုများ ဖြစ်၏။

ဤသည်တို့မှာ 'လူမျိုးနွယ်ပညာယူရာဌာန' education of human race ဖြစ်သည်။ ပညာဆိုတာတွေမှာ လှုပ်ရှားမှု၊ စာရိတ္တ၊ မိမိကိုယ်မိမိ လေ့ကျင့်ပျိုးထောင်မှုစသော လူသားတစ်ဦးချင်းကို အမှန်အကန် စည်းကမ်းလုပ်လေ့ကျင့်ပေးမှုများဖြစ်သည်။

ဘဝအကျိုးစီးပွား (business of life) အတွက် သင့်အပ်လျော်ကပ်ပတ်သော လှုပ်ရှားမှုများနှင့် အသင့်ပြင်နိုင်စေရေးသို့ ရှေးရှုသည်။ ဘဝတာဝန်များကလည်း ရှည်လျားပေများထွေပြားလှပါဘိ။ ဤသည်များကို စာအုပ်များထဲမှ မရနိုင်။ စာဖတ်အလေ့အကျင့်သက်သက်ဖြင့် မရနိုင်။

## ၁၇ ရာစု အင်္ဂလိပ်တွေးခေါ်ရှင်

တွေးခေါ်ရှင် ဘေကွန်က ခုလို ညွှန်းထားသည်။"စာပေလေ့လာခြင်းသည် သူ့သက်သက်အသုံးချဖို့ သင်ကြားသည်မဟုတ်။ သို့သော် လေ့လာကြည့်ရှုမှတ်သားခြင်းသည် စာပေမှရသော ပညာ

mgyoe.com

 mgyoe.com


အပြင် ပိုပြီးအဆင့်မြင့်သော ပညာကိုရနိုင်သည်”

လက်တွေ့ဘဝမှာ တကယ်အမှန်အကန်ဖြစ်သည်။ အသိဉာဏ်အား ဖွံ့ဖြိုးမှုအတွက်လည်း ထိုနည်းလည်းကောင်းဖြစ်၏။

လူတစ်ယောက်သည် မိမိဘဝ ပိုပြီးပြည့်စုံသန့်စင်စေရန် စာဖတ်ခြင်းအပြင် လက်တွေ့ကြည့်ရှုလေ့လာမှတ်သား လေ့ကျင့်မှု ပြုရသည်။

A man perfects himself by work much more than by reading.

စာပေသက်သက်ထက်(လက်တွေ့) ဘဝကို ပိုပြီးအားပြုရမည် ဖြစ်၏။

That is LIFE rather than literature.

လေ့လာခြင်းထက် လက်တွေ့လှုပ်ရှားမှုကို ပိုပြီးအားပြုရသည်။

Action rather than study.

သူများအတ္ထုပ္ပတ္တိဖတ်တာထက် မိမိစရိုက်ကို အားပြုရသည်။

Character rather than biography.

ဤနည်းများဖြင့် လူမျိုးနွယ်ကို အစဉ်အဖြင့် အားသစ်စေရသည်။ to perpetually renovate mankind.

ဂျာမန်ကဗျာစာဆိုကြီး ဂွာထယ်က ခုလိုဆိုဖူးသည်။

“၁၇နှစ်သားရွယ် အင်္ဂလိပ်လူငယ်များသည် ဂျာမန်များထက်ပိုပြီး ပညာကောင်းသည်။ ပိုပြီး ကျွမ်းကျင်လိမ္မာသည်။ ဆရာလုပ်နိုင်ကြသည်။ သူတို့ကိုယ်သူတို့ ယုံကြည်အားကောင်းသည်။ တည်ငြိမ်သည်။ နှလုံးအားကောင်းသည်။ ဒါတွေဟာ မျိုးရိုးအဆင့်အတန်းကြောင့် မဟုတ်ပါ။ ကံကောင်းတာ မဟုတ်ပါ။ သဘာဝမိခင်ကြီး

mgyoe.com

mgyoe.com


က ပေးထားသည့်အတိုင်းကို ဆင့်ပွားတာပါ။ သူတို့သည် တစ်ဝက်တစ်ပျက်များမဟုတ်ကြ။ တစ်ခါတစ်ခါကျတော့လည်း အပြည့်အဝများဖြစ်ကြသည်။ တစ်ခါတစ်ခါကျတော့လည်း အပြည့်အဝ အမိုက်အမဲများလည်း ဖြစ်ကြသည်ကို ကျွန်ုပ်ဝန်ခံသည်။ ဒါသည်ပင် တစ်စုံတစ်ရာဖြစ်နေပြီး အလေးချိန်စီးနေ၏။ ထို့ကြောင့်ပင် ဖြစ်ပါလိမ့်မည်"

၁၉ ရာစု ဂျာမန်တွေးခေါ်ရှင် လက်ဆင်းက ခုလိုဆင့်ပွားလိုက်သည်။ ယောကျ်ားပီသလိုသူများအတွက်ပါ။ "အတွေးမှားချင်မှား သွားပါစေ၊ သို့သော် ကိုယ့်ဦးနှောက်နှင့် ကိုယ်တွေးတောဖြစ်ပါစေ"

Think wrongly if you please, but think for yourself.

တစ်ဖန် ဂျာမန်တစ်ဦးကပင် ဂျာမန်နှင့်အင်္ဂလိပ် ပညာရေးစနစ်များကို နှိုင်းယှဉ်ရာတွင် သူ့အမြင်ကို ခုလို ထုတ်ဖော်ပြောထားခဲ့သည်။

'အင်္ဂလိပ်တွေက တစ်ဦးချင်း စွမ်းရည်ကို အဓိကထားအားပြုသည်။ ဉာဏ်အားထက် စရဏအား(စရိုက်)ကို ပိုပြီး တန်ဖိုးထားသည်။

တစ်မျိုးသားလုံး၏ ခွန်အားအတွက် ထူးခြားသော စရိုက်လက္ခဏာများ ဖြစ်၏။ ဖြစ်ထွန်းလာသည်က တစ်ဦးချင်းတွေးခေါ်မှု၊ တစ်ဦးချင်းလှုပ်ရှားမှု၊ တစ်ဦးချင်း စရိုက်များ ဖြစ်၏။

ဤသည်မှာ လူမှုရေးရာ ကောင်းစွာဖြစ်တည်မှုဟု ပြင်သစ်တွေးခေါ်ရှင်တစ်ဦးက ယူဆသည်။ တစ်ဦးချင်းကောင်းအောင် စွမ်းဆောင်ဆောက်တည်ခြင်းဖြစ်သည်။ ဤနည်းဖြင့် ရိုးရာအစဉ်အလာ

mgyoe.com

mgyoe.com


(ကောင်း)အစွန့်ရှည်စေသည်မည်၏။

Build up the life of the individual and at the same time it perpetuates the traditional life of the nation.

## တစ်ဦးချင်းလွတ်လပ်မှုနှင့်လုပ်ရှားမှုခွန်အား

ဤသို့ဖြင့် ကျွန်ုပ်တို့မှာ နိုင်ငံခြားများအတွက် အံ့တစ်ပါးဖြစ်လျက်ရှိသည်။

တစ်ဦးချင်းလွတ်လပ်မှုဖြင့် သန့်စင်ကျန်းမာသော လှုပ်ရှားမှုများပြုသည်။ တည်တန့်ခိုင်မြဲလျက်ရှိသော အစဉ်အလာကို ကျွန်ုပ်တို့အားလုံး ပေါင်းရုံးလေးစားစွာ ခံကြသည်။ အနှောင်အဖွဲ့ကင်းသော တစ်ဦးချင်းလှုပ်ရှားမှုများဖြင့် အမျိုးသားရေးတာဝန် ကျင့်ဝတ်ကို စုပေါင်းလိုက်နာကြသည်။

The unfettered energetic action of persons, together with uniform subjection of all to the national code of Duty.

ပြင်သစ်စနစ်က စစ်သားနှင့် လခစားရာထူးရာခံ လူတန်းစားကို ပညာပေးမွေးထုတ်သည်။ အင်္ဂလိပ်ကတော့ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းကို လွတ်လပ်သောလှုပ်ရှားမှု free action ပေးသည်။ ပညာပေးသူ ပညာရေးရာကျောင်းဆရာ၊ ဆရာမများအနေနှင့် ဤအရည်အသွေးများ ပျိုးထောင်ပြုစုနိုင်စွမ်းရှိရန် သတ်မှတ်သည်။ ဤသို့ဖြင့် နိုင်ငံသားတစ်ဦးကို မိမိဘဝ အကျိုးစီးပွားအတွက် အသင့်ဖြစ်စေသည်။ လက်တွေ့အိမ်နှင့် မိသားစုတာဝန်

mgyoe.com

mgyoe.com


များအတွက်လည်း အသင့်ဖြစ်စေသည်။ သို့ဖြင့် မိမိတို့ ရည်မှန်းချက်မှာ စွဲမြဲစေသည်။ ဘယ်တော့မှ မကျဆုံး၊ မဆုံးရှုံးရဆိုသော စိတ်ဓာတ်မွေးစေသည်။ ဤအရည်အသွေးနှစ်ခုမှာ (ကျွန်ုပ်တို့၏) သုစရိုက်များ ဖြစ်ကြောင်း ကမ္ဘာကို ထုတ်ဖော်ပြသလျက်ရှိသည်။

Reveal to the world those two virtues of a lordly race,perseverance in purpose,and a spirit of conduct which never fails.

ဤအရည်အသွေး တစ်ဦးချင်း လွတ်လပ်မှုနှင့်လှုပ်ရှားမှုခွန်အား ကို နိုင်ငံခြားသားများ ကြည်ဖြူစွာ အသိအမှတ်ပြုကြသည်။ ဤအရည်အသွေးများသည်ပင် ကျွန်ုပ်တို့ တစ်မျိုးသားလုံးတိုးတက်ဖွံ့ဖြိုးမှု၏ အလျှံပယ်စွယ်စုံအားကောင်းစေခဲ့သော အခြေခံရင်းမြစ်ဖြစ်၏။ ဤအရည်အသွေးများကလည်း လူတန်းစားတစ်ရပ်တည်းကိုသာ ခံစားစေခဲ့တာမဟုတ်။ အဆင့်အားလုံး၊ လူတန်းစားအားလုံးမှာ သက်ရောက်လွှမ်းခြုံစေခဲ့သည်။ ဤသည်ကို ကျွန်ုပ်တို့၏ သာမန်လူတန်းစားအားလုံးမှာ သိသာထင်ရှားစွာ လေ့လာ တွေ့မြင်သိမှတ်နေကြရပါပြီ။

သိပ္ပံ၊ စာပေနှင့် တခြားအနုပညာရှင်ကြီးများသည် မြင့်မြတ်သော အတွေးအခေါ်ကောင်းများကို ဖြန့်ချိသူများ (apastles) ဖြစ်၏။ သူတို့သည် ကြီးမြတ်သော နှလုံးသားများ၏ အရှင်သခင်များ ဖြစ်ကြ၏။ (Lords of the great heart.) ဤအရှင်သခင်များသည် ဘယ်တောထဲမှ၊ တောင်ကုန်း တောင်တန်းများမှ၊ ဝပ်ရှော့များမှ၊ သတ္တုတွင်းများမှ၊ ပန်းပဲဖိုများမှ၊ ဖိနပ်ချုပ်များထဲမှ လူတန်းစား ခွဲခြားခြင်းမရှိဘဲ၊ မခံရဘဲ ပေါ်ထွန်းလာခဲ့သည်။ သူတို့လိုလူ

mgyoe.com

mgyoe.com


တွေ များပြားလွန်းလှသဖြင့် သူတို့ထံမှ ရွေးနုတ်လေ့လာပြီး စာအုပ်တစ်အုပ်နှင့် လုံလောက်စွာတင်ပြဖို့အတွက် အခက်အခဲ များစွာရှိခဲ့သည်။ ကြည့်ပါဦး။ ဆံပင်ညှပ်ဆိုင်မှ လေယာဉ်တီထွင်သူ ထွက်ပေါ်ခဲ့သည်– ဆာရစ်ချတ်အာ့ခ်ရိုက်။ ထူးချွန်ပြောင်မြောက်သောတရားသူကြီးပေါ်ထွက်ခဲ့သည်–လော့ဒ်တင်ဒါဒင်။ ရှူမျှော်ခင်းပန်းချီကျော် ပေါ်ထွက်ခဲ့သည်–တန်နာ။

## ရှိတ်စပီးယား

ကဗျာစာဆို ပြဇာတ်ဆရာကြီးရှိတ်စပီးယား၏ မျိုးရိုးကို ဘယ်သူမှမသိပါ။ သို့သော် သူသည် အတော်နိမ့်ကျသော ဘဝအခြေမှ တက်လာသူဟု ခန့်မှန်းရသည်။ သူ၏ဖခင်သည် သားသတ်ရောင်းသူ၊ သိုးမွေးသူတစ်ဦးဖြစ်သည်။ ရှိတ်စပီးယားကိုယ်တိုင်မှာလည်း ငယ်စဉ်က သိုးမွေးသန့်ရှင်းရေးလုပ်ကိုင်ခဲ့ရသည်။ တချို့က အခိုင်အမာပြောကြသေးသည်။ ရှိတ်စပီးယားသည် ကျောင်းကြိုတစ်ဦး၊ ရှေ့နေစာရေးစသည်များ လုပ်ကိုင်ခဲ့ရသည်။ အမှန်က သူသည် အလုပ်အသေးအမွှားအားလုံးကို မလုပ်ဘူးတာ မရှိဟုပင် ပြောကြသည်။ ရှိတ်စပီးယား သုံးနှုန်းသော သင်္ဘောသားစကားကိုကြည့်ပြီး သူသည် သင်္ဘောသားဖြစ်ခဲ့ဖူးရမည်ဟု ရေကြောင်းစာရေးဆရာတစ်ဦးကပြောသည်။ တရားဟောဆရာ တစ်ဦးကလည်း ရှိတ်စပီးယားသည် ဓမ္မကထိကတစ်ဦး၏စာရေးဖြစ်ခဲ့ဖူးရမည်။ မြင်းထိန်းဖြစ်ခဲ့ရမည် စသဖြင့် ပြောခဲ့ကြသည်။ သူသည် ပြဇာတ်သရုပ်ဆောင် ဖြစ်ခဲ့ဖူးတာတော့ အမှန်ဖြစ်သည်။ သူ့ဘဝမှာ သူသည် ဇာတ်ရုပ်အတော်များများ သရုပ်ဆောင် လုပ်ရှားခဲ့ရသည်။ ဤကဲ့သို့

mgyoe.com

mgyoe.com


သော ဘဝအတွေ့အကြုံနယ်ပြင်ကျယ်ကြီးထဲမှ သူကုန်ကြမ်းများစွာ စုဆောင်းရရှိခဲ့သည်။ ကြည့်ရှုလေ့လာမှတ်သား ဉာဏ်ကောင်းခဲ့သည်။ သို့ဖြင့် သူသည် အနီးကပ်လေ့လာအားကောင်းသော ကျောင်းသားတစ်ယောက် ဖြစ်ခဲ့သလို အလုပ်ကို အပင်ပန်းခံလုပ်နိုင်သူလည်း ဖြစ်ခဲ့သည်။ သို့ဖြင့် သူ့လက်ရာကဗျာပြဇာတ်များသည် အင်္ဂလိပ်စရိုက် ဖြစ်တည်ပုံသွင်းရာမှာ ယနေ့အထိ အစွမ်းထက်သော ဩဇာညောင်းလျက်ရှိသည်။

## ထူးချွန်သူတို့ပြသခဲ့သောစံနမူနာ

ရော်ဘင်ဆန်ကရူးဆိုးဝတ္ထုရှည်ဖြင့် အင်္ဂလိပ်စာပေ၊ ကမ္ဘာ့စာပေမှာ ရွှေစာရင်းဝင်ဖြစ်လျက်ရှိသော ၁၈ရာစု အင်္ဂလိပ်ဝတ္ထုဆရာ အယ်နီယယ်ဒီဖိုးသည် သားသတ်ရောင်းဖခင်၏သားဖြစ်ခဲ့သည်။ ရေနွေးငွေ့ဖြင့် မောင်းနှင်နိုင်သော စက်ခေါင်းကို တီထွင်ခဲ့သူများထဲတွင် ပါဝင်ခဲ့ကြသော ဝါယူကိုမင်း၊ ဝပ်တ်၊ စတီဖင်ဆင်တို့ဆိုလျှင် ပန်းပဲဆရာ၊ သချ်ာသုံး ကိရိယာပြုလုပ်ရောင်းသူ၊ စက်ခေါင်းမောင်းသူများဖြစ်ခဲ့သည်။ အနိမ့်ဆုံးဘဝမှာ စတင်ခဲ့ပြီး ပညာကျော်များထက် ပိုပြီး အတွေ့အကြုံကြွယ်ဝ၊ ဉာဏ်စွမ်းပိုပြီး ပြည့်သူများစွာရှိခဲ့သည်။

ကျွန်ုပ်တို့နိုင်ငံ၏ ဂုဏ်သိက္ခာ၊ ဘုန်းသမ္ဘာ(glory)ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့နိုင်ငံမှာ ဤကဲ့သို့သော လူသားများ များစွာမွေးဖွားလူလားမြောက်ခဲ့၊ လှုပ်ရှားနိုင်ခဲ့ကြသည်။

It is the glory of our country that men such as these should abound.

mgyoe.com

mgyoe.com


သူတို့အားလုံး ထူးချွန်ပြောင်မြောက်ခဲ့ကြသည်များတော့ မဟုတ်ပါ။ သို့သော် သူတို့အားလုံး တစ်ဦးတစ်ယောက်မကျန် စိတ်သန္တာန်မှာ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်စွမ်းကိုယ်စနှင့် ကိုယ်တိုင် ဖေးမနိုင်ခဲ့သော စိတ်ဓာတ်ရှိခဲ့သူများချည်း ဖြစ်သည်။ They are all penetrated alike by the noble spirit of self-help.

သူတို့ သူတို့ သာဓကပြခဲ့သည် ပြယုဂ်တွေကတော့ ရွှင်ရွှင်ပျပျ ရှိခဲ့ကြတာ (Cheerful)၊ ရိုးဖြောင့်သော အလုပ်လုပ်ခြင်း (Honest working)၊ အားကောင်းမောင်းသန်ကြိုးပမ်းမှု၊ (Energetic effort).

ဤသည်များနှင့် သူတို့ဘဝအခြေမှာ ရှိသမျှကလေးနှင့် လှုပ်ရှားခဲ့ကြ၊ သူလိုငါလို သာမန် အခွင့်အလမ်းများမှ စခဲ့ကြသည်။

## အခွင့်အလမ်းဆိုတာက

တွေ့တာနှင့် အမိအရ ဖမ်းယူပြီး အကျိုးရှိစွာ အသုံးချဖို့ စိတ်ဓာတ်ခိုင်ခိုင်နှင့် အပိုင်ဆုံးဖြတ်ထားသူတိုင်းရဲ့ ရှေ့မှာ ကျရောက်လာတတ်မြဲဖြစ်သည်။

## သဘာဝမိခင်ကြီးက ရင်ခွင်ဖွင့်ထားတယ်

သဘာဝမိခင်ကြီးရဲ့ အရှိတရားများသည် လယ်လုပ်သားနှင့် စက်ပြင်များအတွက် တံခါးဖွင့်ထားသည်။ တွေးခေါ်ရှင်များအတွက်လည်း ဖွင့်ထားသည်။ ဤသူများကလည်း သူတို့မှာရှိသော ပင်ကိုများနှင့် မိခင်ကြီး ဖွင့်ပေးထားသည်များကို စရဏနှင့် စရိုက် မှန်ကန်စွာ စွမ်းအားကုန်အသုံးချတတ်ကြသည်။ သို့ဖြင့် အနိမ့်ကျဆုံး

mgyoe.com

mgyoe.com


အသက်မွေးဝမ်းကျောင်းမှုမှ မြင့်မြတ်ဆုံး (loftiest) အကျိုးကျေးဇူးများ ခံစားနိုင်ခဲ့ကြသည်။

ဤနိုင်ငံမှာ ဤသူများထဲမှ လူသားအကျိုးပြု ပုဂ္ဂိုလ်ထူးများစွာ ပေါ်ထွက်ခဲ့သည်။ အရှိန်အဝါမြင့်မားခဲ့သည်။ ဤလိုလူတွေ များပြားခဲ့လွန်းသဖြင့် သူတို့သည် ထူးခြားထူးချွန်သူများ မဟုတ်တော့သလို ရှိခဲ့သည်။

သို့သော် သိမှတ်စရာတွေတော့ ပေါ်ထွက်လာခဲ့သည်။ အစဦးပိုင်းမှာ အခက်အခဲများ၊ ကံမကောင်း အကြောင်းမလှသည်များမှာ အောင်မြင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော အတွေ့အကြုံများ ဖြစ်နေခြင်းပင်။ Early encounter with difficulty and adverse circumstance was the necessary and indispensable condition of success.

အောက်လွှတ်တော်အမတ်များထဲမှာဆိုရင် အောက်ခြေမှ တက်လာခဲ့သူများစွာရှိသည်။ ကိုယ်စွမ်းကိုယ်စ ကိုယ့်အားနှင့် ကိုယ်တိုင် လှုပ်ရှားခဲ့သူများဖြစ်သည်။ (self-raised men) သူတို့သည် ဗြိတိသျှလူမျိုး၏ ဝီရိယအားကောင်းသော စရိုက်ကို အသင့်တော်ဆုံး ကိုယ်စားပြုခဲ့သူများပင်။ သူတို့ သူတို့ကို သင့်အပ်လျောက်ပတ်စွာ သိမှတ်ချီးမြှောက်ဂုဏ်ပြုနိုင်ခဲ့သည်မှာလည်း ကျွန်ုပ်တို့၏ ဥပဒေပြု၏ ဂုဏ်သိက္ခာပင်ဖြစ်သည်။

သူတို့လို ရွှင်ရွှင်ပျပျနှင့် ဝီရိယအားကောင်း (happy industry) သူများနှင့် အလားတူများလည်း တခြားအလွှာများမှာရှိခဲ့သည်။ အလယ်အလတ်တန်းစားများနှင့် ကြေးရတတ်များဆိုရင် သိပ္ပံမှာ၊ ကူသန်းရောင်းဝယ်ရေးမှာ၊ အနုပညာမှာ အားကောင်းမောင်းသန်

mgyoe.com

mgyoe.com

အားထုတ်လှုပ်ရှားခဲ့ကြသည်။ သို့ဖြင့် နိုင်ငံတော်၏ လုပ်သားစွမ်းအားစုကို ထိရောက်စွာ တိုးပွားစေခဲ့သည်။ ဆာအိုက်ဇက်နယူတန် ဆိုလျှင် သိပ္ပံနှင့် လူသားအကျိုးပြု တွေးခေါ်ရှင်ကြီးများထဲတွင် မဟာလူသားကြီး ဖြစ်သည်။ သူသည် တောင်သူလယ်လုပ်မျိုးရိုးတစ်ဦး၏ သားဖြစ်သည်။ နက်ပကျွန်းဂြိုလ်ကို ရှာဖွေတွေ့ရှိခဲ့သူ အက်ဒမ်စ် ဆိုရင်လည်း ထို့အတူဖြစ်သည်။

## တစ်ဦးချင်းပေးဆပ်ရသောကြေး

ဤသူများတွင် ထူးချွန်ဖို့အတွက် အားသွန်ခွန်စိုက်သည်းလှိုက်အူလှိုက် စွဲစွဲမြဲမြဲ ကြိုးပမ်းခဲ့ရခြင်းမှာ တစ်ဦးချင်းပေးခဲ့ရသော ကြေးဖြစ်၏။ အပျင်းစိတ်၊ ဖင့်နွဲလေးကန်လိုစိတ်မှာ သူတို့သူတို့၏ ထက်မြက်သော ဝီရိယစွမ်းအားသို့ အနားပင်မသီနိုင်အောင် ရှိခဲ့သည်။

ဝီရိယရှိသော လက်နှင့် လှုပ်ရှားအားကောင်းသော ဦးနှောက်တို့ကသာလျှင် ချမ်းသာခြင်းကို ပေးစွမ်းသည်။ မိမိကိုယ်မိမိ လေ့ကျင့်ပျိုးထောင်မှု၊ အသိဉာဏ်အားတိုးပွားမှုနှင့် စီးပွားရေးရာများမှာလည်း ဤနည်းလည်းကောင်းဖြစ်၏။ ချမ်းသာသော မိဘ၊ ရာထူးရာခံ အဆင့်မြင့်သော မိဘမျိုးရိုး၌ မွေးဖွားလာခဲ့ပေမဲ့လည်း တစ်ဦးချင်း ကျစ်လျစ်ခိုင်မြဲသော နာမည်ကောင်းတစ်စုံတစ်ခု ရရှိဖို့မှာ မိမိကိုယ်တိုင် တစ်ဦးချင်းအားစိုက်ခွန်စိုက်လှုပ်ရှားမှု အမြဲပြုနေရသည်။ မြေဧကတွေ အများကြီး အမွေရနိုင်သည်။ အတတ်ပညာ၊ အသိပညာနှင့် ဉာဏ်အလိမ္မာတို့ကိုမူ အမွေဆက်ခံ၍မရပေ။

knowledge and wisdom cannot be inherited.

ပိုက်ဆံတတ်နိုင်လို့ အခကြေးငွေပေးပြီး တစ်ပါးသူကို အလုပ်

mgyoe.com

mgyoe.com


ခိုင်းစေ၍ ရချင်ရမည်။ သို့သော် မိမိဦးနှောက်နှင့် စဉ်းစားရမှာကို တစ်ပါးသူအား မိမိကိုယ်စား ခိုင်း၍မရနိုင်ပေ။ ကိုယ့်အတွက် ကိုယ်တိုင်လေ့ကျင့်ပျိုးထောင်(self-culture)ရမှာကို တစ်ပါးသူထံမှ ပိုက်ဆံပေးဝယ်၍မရပေ။ တန်ဖိုးရှိသော အသိနှင့် ကျွမ်းကျင်မှုကို သိသူ၊ ကျွမ်းကျင်မှုရှိသူများထံမှ ချဉ်းကပ်ပြီး ပညာယူ၊ ပြီးတော့ မိမိဘာသာ စွဲစွဲမြဲမြဲလေ့ကျင့်မှရသလို ဖိနပ်ချုပ်တတ်ဖို့ ဖိနပ်ချုပ်ဆရာထံမှာ သင်မှ၊ ကျောက်ဆစ်အတတ်ပညာကို ကျောက်ဆစ်သမားထံမှာ သင်ယူလေ့ကျင့်မှရသည်။

## လွတ်လပ်စွာကိုယ်ပိုင်ကြိုးစား

အသိ၊ အတတ်ပညာနှင့် စွန့်စားလုပ်ရှားမှု စွမ်းအားများသည် တစ်ဦးပိုင်ပစ္စည်း မိမိတစ်ဦးချင်း လွတ်လပ်စွာ (own free action) ကြိုးစားအားထုတ်ခြင်းဖြင့် ထိန်းသိမ်းထားနိုင်မှာ ဖြစ်သကဲ့သို့ မိမိလုပ်အားမပါဘဲ မျှော်လင့်၍မရ၊ အနာမခံဘဲ အသာစံချင်၍ မရပေ။ မျိုးစေ့မကျဲ စိုက်ပျိုးထွန်ယက်မှု မပြုဘဲ သီးနှံရိတ်သိမ်းချင်၍ မရနိုင်။ အချည်းနှီးပင်ဖြစ်ပါလိမ့်မည်။ It is fultile to hope to qather a harvest where the seed has not been sown.

ဂိုဏ်းချုပ်ကြီးတစ်ဦးကို တစ်ခါက သူ့ညီလူပျင်းက "နောင်ဘုရား....ညီမောင်ကို ကြီးမြင့်အောင် လုပ်ပေးပါ"။ ဒီအခါ ဂိုဏ်းချုပ်ကြီးက "ညီတော်မောင်....မင်းရဲ့ထွန်ကျိုးပဲ့သွားရင် ပြင်ဆင်ဖို့ ငါပိုက်ဆံပေးမယ်။ မင်းနွားတစ်ကောင် သေသွားရင် ငါတစ်ကောင် အစားဝယ်ပေးမယ်။ အဲ.... မင်းကိုတော့ ကြီးကျယ်မြင့်မြတ်လာ

mgyoe.com

 mgyoe.com 

အောင် ငါလုပ်ပေးလို့မရဘူး။ မင်းဟာ ထွန်သမား၊ ထွန်သမား အဖြစ်နဲ့သာ ငါမင်းကို ထားရစ်ခဲ့ရတော့မယ်ကွယ်"

ရှင်းလင်းလွန်းလှပါသည်။

ကိုယ်စွမ်းကိုယ်စနှင့် ကိုယ်တိုင်ဖေးမပြီး ကိုယ့်အကောင်းဆုံး ဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ဖို့ရန်မှာ ငွေကြေးချမ်းသာဖို့၊ ဇိမ်နှင့်နေရဖို့များသည်မရှိမဖြစ် လိုအပ်လှတာ မဟုတ်ပါ။

လိုအပ်ခဲ့ပါလျှင် ကမ္ဘာကြီးသည် အနိမ့်ဆုံးအခြေများထဲမှ တက်လာခဲ့သော လူသားအကျိုးပြုများအပေါ် သမိုင်းတစ်လျှောက်လုံး ကျေးဇူးတရားကြီးမားစွာ တင်နေရန်အကြောင်းမရှိပါ။ သက်သက်သာသာဇိမ်နှင့်နေရပြီဆိုရင် လူသည် အားသွန်ကြိုးပမ်း စွမ်းရည်ရှိမလာတော့ပါ။ အကျင့်ဖြစ်မလာတော့ပါ။ အခက်အခဲကို ရင်ဆိုင်နိုင်စွမ်း အားမကောင်းတော့ပါ။ မိမိမှာ ခွန်အားကြီးစွာ လှုပ်ရှားနိုင်စွမ်းရှိသည်ဆိုသော အသိတရား နိုးကြားလာမှာမဟုတ်တော့ပါ။

## ဆင်းရဲနွမ်းပါးခြင်းသည် ကံမကောင်းခြင်းမင်္ဂလာတစ်ပါး

ဆင်းရဲနွမ်းပါးခြင်းသည် ကံခေတာ၊ မကောင်းတာထက် မိမိကိုယ်မိမိ အားပြုစရာအခွင့်အလမ်းတစ်ခု ဖြစ်လာဖို့ရှိသည်။ သည်းလိုက်အူလိုက် အားစိုက်ရမှာလားဆိုတာ သိမြင်လာမည်။ ဆင်းရဲနွမ်းပါးခြင်းကို ကံမကောင်းခြင်းမှ မင်္ဂလာတစ်ပါး (blessing) ဖြစ်လာအောင် ကိုယ်စွမ်းကိုယ်စနှင့် ကမ္ဘာကြီးကို ဆန့်ကျင်ကာ အားစိုက် ရန်းကန်နိုင်လာမည်။ တချို့က သိက္ခာအကျခံပြီး ငွေနှင့်ပေးဝယ်ချင် ဝယ်မည်။ သိစိတ် အမှန်အကန်နှင့် အဖြောင့်နှလုံးသား

mgyoe.com

mgyoe.com


နှင့် လူကတော့ လိုအပ်သော ခွန်အား၊ ယုံကြည်မှုနှင့် အောင်မြင်မှု ရသွားမည် ဖြစ်သည်။ အင်္ဂလိပ်တွေးခေါ်ရှင် ဘေကွန်က ဆိုဖူးသည်။

'လူဟာ မိမိချမ်းသာ ကြွယ်ဝတာကိုရော ခွန်အားရှိတာကိုပါ သိပုံမရဘူး။ ပထမလူစားကတော့ တန်ဖိုးပိုမထားရတာကို ပိုပြီး ထားမိနေသည်။ ဒုတိယ အမျိုးအစားကတော့ လိုအပ်သလောက် တန်ဖိုးမထားမိဖြစ်နေတတ်သည်။ ငွေကို ပိုပြီး တွက်နေပြီး မိမိခွန်အားကို လျော့ပြီးတွက်နေမိတတ်သည်။ မိမိကိုယ်မိမိ အားကိုးစိတ်၊ ခြိုးခြံချွေတာစိတ်များက မိမိပိုင်စည်းထဲမှ ခပ်ယူသောက်သုံးဖို့ကို သင်ပေးလိမ့်မည်။ မိမိစွမ်းအားဖြင့် ရရှိအပ်သော ပေါင်မုန့်ချိုကို စားတတ်ဖို့သင်ပေးလိမ့်မည်။ မိမိစားဝတ်နေမှုအတွက် မိမိ လေ့ကျင့်လုပ်ရှားအားထုတ်စေလိမ့်မည်။ ရရှိထားသော အရည်အသွေးကောင်းများကို သင့်အပ်လျောက်ပတ်စွာ သုံးစေလိမ့်မည်။'

## ချမ်းသာသော်လည်း ငွဲမလျှော့သူများ

ငွေကြေးချမ်းသာလာပြီဆိုရင် သက်သောင့်သက်သာနေချင်တာ၊ ဇိမ်ခံချင်တာတွေနောက် ကောက်ကောက်ပါသွားတာ လူ့သဘာဝ ဖြစ်သည်။ သို့ဖြင့် ဤကဲ့သို့သော ချမ်းသာဒဏ်ကို ကြံ့ကြံ့ခံပြီး လူသားအကျိုးပြု ကောင်းမှုတွေမှာ ကိုယ်ထိလက်ရောက် လုပ်အား ပါဝင်သူများကိုတော့ သိက္ခာတင်ဖို့သာ ရှိသည်။ ဇိမ်ခံချင်စိတ်ဘေးချိတ်ပြီး ပင်ပန်းကြီးစွာ လှုပ်ရှားလုပ်အားပေးကြသည်။ ဤနိုင်ငံရှိ လူချမ်းသာများမှာ လူပျင်းများ မဟုတ်ကြသည်မှာ ဤနိုင်ငံသိက္ခာပင် ဖြစ်တော့၏။ဤလူချမ်းသာများသည် နိုင်ငံအကျိုးပြု

mgyoe.com

mgyoe.com
ကောင်းများထဲတွင် အန္တရာယ်ကိုမမှု၊ သူတို့ပြုသင့်သည့် အတိုင်းအတာထက်ပိုပြီး ပါဝင်ကြသည်။

လူချမ်းသာများသည်ပင် တွေးခေါ်မှု အဘိဓမ္မာပညာ၊ သိပ္ပံပညာရပ်များ၌ ထူးချွန်ပေါက်မြောက်ခဲ့ကြသည်။ အင်္ဂလိပ်တွေးခေါ်ရှင် စာတမ်းရေးဆရာ ဘေကွန်ဆိုလျှင် သိပ္ပံပညာမှာလည်း ထူးချွန်သည်၊ အကျိုးပြုဥပဒေပညာရှင်တစ်ဦးလည်းဖြစ်သည်။ သိပ္ပံပညာနှင့် တီထွင်မှုတွင် ကျော်ကြားခဲ့သော ရှော့ခ်သည် ငွေကြေးချမ်းသာသူဖြစ်ပြီး ပန်းပဲအတတ်ပညာ ထူးချွန်ခဲ့သည်။ သူ လူချမ်းသာဖြစ်တာကို မသိသော ငွေကြေးရှင်တစ်ဦးက သူ့အား စက်ရုံအကြီးအကဲ ရာထူးကမ်းလှမ်းဖူးသည်။ ရှော့ခ်သည် ယနေ့တိုင် ကျော်ကြားလူသုံးများသော မှန်ပြောင်းကို တီထွင်ခဲ့သူလည်းဖြစ်သည်။ တချို့သော ငွေကြေးချမ်းသာသူများသည် ငွေကြေးကို မမက်မောဘဲ နိုင်ငံရေးနယ်ပယ်ထဲဝင်ပြီး လှုပ်ရှားကြသည်။ စာပေလိုက်စားကြသည်။ ဤသို့ ပါဝင်လိုက်စားလှုပ်ရှားမှုများတွင် ငွေကြေးသည် ပဓာနမဟုတ်။ ဝီရိယ–industry ၊ လေ့ကျင့်မှု–practice ၊ လေ့လာမှု–study စသည့်တို့သာလျှင် အရေးပါအရာရောက်သည်ကို သူတို့ နှစ်ခြိုက်သည်။

ဤသူများထဲတွင် ဝီရိယအားကောင်းသူတစ်ဦးရှိခဲ့သည်။ စာရေးဆရာ ဆာဘာလ်ဝါလစ်တန်ဖြစ်၏။သူသည် ဝတ္ထု–ပြဇာတ်၊ သမိုင်းကျမ်း၊ စာတမ်း ရေးသူ၊ အပြောအဟောကောင်းသူနှင့် နိုင်ငံရေးပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ သူရေးခဲ့သော 'ပွန်ပေမြို့တော်၏ နောက်ဆုံးနေ့များ' ဝတ္ထုမှာဆိုလျှင် မြို့ကြီးမီးသင့်ရာမှာ မိမိကိုယ်ကို လောင်ကျွမ်းခံ စတေးသွားသော လူငယ်တစ်ဦးကို အဓိကဇာတ်
mgyoe.com

mgyoe.com


ဆောင်အဖြစ် ဖွဲ့ကျူးခဲ့သည်။ သူက ဝီရိယအားတွေ တရဟော ကောင်းခဲ့သည်။ သူ့မှာ အပျော်အပါးလိုက်စားရန် အရာရာ ပြည့်စုံခဲ့သူဖြစ်သည်။ အမဲလိုက်မလား၊ ကလပ်တက်မလား၊ ပြဇာတ်ရုံတွေ လျှောက်ပတ်ပြီး ကြည့်မလား။

သို့သော် ဒီအပျော်အပါးတွေ သူမလိုက်စား၊ ကဗျာရေးသည်။ မစွံပါ။ ဝတ္ထုရေးသည်။ ပရိသတ်မကြိုက်ပါ။ သို့သော် သူလက်မလျှော့ပါ။ သူ့မှာ သတ္တိ(pluck) ရှိသည်။ ဇွဲ(perseverance) ရှိသည်။ သို့ဖြင့် မနေမနား ဝီရိယအားကောင်းသည်။ စာတွေတစ်အားဖတ်သည်။ သို့ဖြင့် သူသည် ဆုံးရှုံးခြင်း (failure)မှ အောင်မြင်ခြင်း (success) သို့ တက်လှမ်းနိုင်ခဲ့သည်။ ဝတ္ထုတစ်ပုဒ်ပြီးတစ်ပုဒ် အောင်မြင်ခဲ့ပြီး အထက်မှာ ပြောခဲ့သော 'ပွန်ပေမြို့တော်၏ နောက်ဆုံးနေ့ရက်များ' သည် အထူးထင်ရှားလျက်ရှိသည်။ ကမ္ဘာအနှံ့အပြား ကျောင်းတွေ၊ ကောလိပ်တွေမှာ ပြဋ္ဌာန်းဝတ္ထုတစ်အုပ်ဖြစ်သည်။

## စိတ်ရှည်သောဝီရိယ

၁၉ရာစု အင်္ဂလိပ်နိုင်ငံရေးသုခမိန်ကြီး ဒစ္စရေလီဆိုလျှင်လည်း သူ့အတိုင်းပင်ဖြစ်သည်။ ပြည်သူအများ လက်ခံသော နိုင်ငံရေး အလုပ်ကို ဝီရိယအားကြီးစွာ၊ စွဲမြဲမှုကြီးစွာ လုပ်ရှားလုပ်ကိုင်ခဲ့သည်။ အပြောအဟော ကောင်းသူ orator တစ်ဦးလည်းဖြစ်သည်။ သူ၏ နိုင်ငံရေး အတွေ့အကြုံများကို ကျောထောက်နောက်ခံပြုပြီး ဝတ္ထုရှည်များရေးခဲ့သည်။ သူ့မျိုးရိုးက သမိုင်းတစ်လျှောက်လုံး အနှိမ်ခံဂျူးလူမျိုးဖြစ်သည်။ သို့သော် ဂုဏ်ကြီးရှင်တစ်ဦးဖြစ်ခဲ့သည်။ ခွန့်

mgyoe.com

mgyoe.com
အားကောင်းသည်။ လျှင်မြန်သော ဖြတ်ထိုးဉာဏ်၊ စိတ်ကူးစိတ်သန်း ကောင်းသည်။ သူ့စွမ်းရည်ဖြင့် သူ့နိုင်ငံအင်္ဂလိပ်သည် ဥရောပ တစ်လွှားမှာ ပြန်လည်ပြီးဩဇာကောင်းခဲ့သည်ဟု အဆိုရှိသည်။ ပါလီမန်မှာ သူပထမဆုံး တက်ပြောလာတော့ ပြောင်လှောင်ရယ် မောတာနှင့် ရင်ဆိုင်ရပြီး အရှုံးပေါ်ခဲ့သည်။ ဟင်းမလက်ပြဇာတ် ကို ဇာတ်မြူးအဖြစ်ရေးပြီး ရုံတင်တော့လည်း စကားအခွန်းတိုင်းမှာ ဟားတိုက်ပြောင်လှောင်ခံရသည်။ သို့သော် သူစိတ်မပျက်ခဲ့ပါ။ သူက ခုလိုပင် ပြောနိုင်ခဲ့သည်။

"ကျွန်တော် စလုပ်ခဲ့တာတွေ အများကြီးပါပဲ။ နောက်ဆုံးတော့ လဲ အောင်မြင်သွားပါတယ်။ ခုတော့ ကျွန်တော်ထိုင်နေလိုက်ဦးမယ်။ ဒါပေမဲ့ ခင်ဗျားတို့ ကျွန်တော့်ကို နားထောင်ရမယ့် အချိန်ရောက် လာမှာပါ"

သူ့စကားမှန်ကန်ခဲ့သည်။ သူ့အချိန်အခါ ရောက်လာခဲ့သည်။ The time did come. လွှတ်တော် (ပါလီမန်)မှာ ကမ္ဘာ့နိုင်ငံ များစွာမှ အမတ်များ တက်ရောက်ပြီး သူ့အပြောအဟောကို စိတ်ဝင် စားမှုကြီးစွာနှင့် နားထောင်ခဲ့ကြသည်။ အင်နှင့်အားနှင့် ဆုံးဖြတ် ချက် အဓိဋ္ဌာန်တို့၏ စွမ်းအားမှာ သိသာထင်ရှားလှသော သာဓက ဖြစ်၏။ ဤအခြေအနေသို့ သူသည် စိတ်ရှည်သော ဝီရိယဖြင့် အရ ယူနိုင်ခဲ့ခြင်းဖြစ်သည်။(Patient industry) တစ်ခါဆုံးရှုံးဖူးသော လူငယ်များလို မဟုတ်။ စိတ်ပျက်လက်ပျက်နှင့် နောက်ဆုတ်သွား သူမဟုတ်။ ချောင်တစ်ချောင်မှာ အသာကုပ်ပြီး ညည်းညူသူ မဟုတ်။ သို့သော် သူသည် ရဲစိတ်တင်ပြီး သူ့ကိုယ်သူ အလုပ်နှင့် တည်ပေးခဲ့သည်။ He pluckily set himself to work.
mgyoe.com

mgyoe.com


သူ့အပြစ်အနာအဆာတွေ၊ အားနည်းချက်တွေကို လေ့လာပြီး ခွာချသည်။ ဖယ်ထုတ်ပစ်သည်။ သူ့ပရိသတ်၏ အကြိုက်စရိုက်ကို သူလေ့လာသည်။ စကားပြောနည်းကို အပတ်တကုတ် လေ့လာ လေ့ကျင့်သည်။ လွှတ်တော် အတတ်ပညာကို ဝီရိယကြီးစွာ လေ့လာ သည်။ အောင်မြင်ဖို့ သူစိတ်ရှည်စွာ အလုပ်လုပ်သည်။ ရလာပါ သည်။ သို့သော် ကြာသည်။ လာမယ်ကြာမယ်ပါ။ အချိန်တန်တော့ လွှတ်တော်ပရိသတ်သည် သူနှင့်အတူလိုက်ပြီး ရယ်ကြပါပြီ။ အစော ပိုင်းက သူ့ကို ဟားတိုက်ခဲ့ကြသည်များကို သူ ဖျောက်ဖျက်နိုင်သွား ပါပြီ။ သို့ဖြင့် သူသည် လွှတ်တော် အပြောအဆိုကောင်းသူတစ်ဦး အဖြစ် အများသဘောတူ လက်ခံသော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ခဲ့သည်။ သူကဲ့သို့သော ပုဂ္ဂိုလ်များစွာ၊ သက်ရှိလူများစွာရှိပါသည်။

❑

mgyoe.com

mgyoe.com

အခန်း(၂)

# နိုင်ငံ၏သူရဲကောင်းများအဖြစ်သို့

## အချိန်ဆိုတာ သဘာဝပစ္စည်း

အချိန်ကို အမိန့်ပေးခိုင်းစေသူများ
ဝီရိယအားနဲ့ ချမ်းသာသွားသူချည်းပါ။
အချိန် ပြမှန်သား
လွတ်ကျသွားတဲ့အခါ
မျိုးစေ့ကြဲယ်တာရာများ
အဆက်မပြတ် လုပ်အားနဲ့
သဲပွင့်များကို ငုံ့ပြီး ကောက်ယူသလို
အားလုံးကောက်ယူသွားရမှာ။

လူမျိုးတစ်မျိုးကို ထူးချွန်စေတာ ဘယ်အကြောင်းနဲ့မှ လျော့မသွားတဲ့ ဝီရိယပါ။

သမိုင်းအဆက်ဆက် ထင်ရှားစေခဲ့ပါပြီ။ ဤ အမှန်တရားသည် ယခင်ကလည်း ယခုနည်းတူပါ။ ယခုအခါလည်း ယခင်နည်းတူပါ။ မိမိတို့လူမျိုး အားကောင်းမောင်းသန်ကြီးထွားခဲ့သည်မှာ လွတ်

mgyoe.com

mgyoe.com


လပ်သော ဝီရိယစွမ်းအားနှင့် တစ်ဦးချင်း လွတ်လပ်ခြင်းကြောင့် ဖြစ်၏။

ဤတစ်ဦးချင်း၏ ကိုယ်ရော စိတ်သန္တာန်မှာပါ ဝီရိယအားသည် ထာဝရကောင်းခဲ့ကြသည်။ လယ်ယာထွန်ယက် လုပ်ကိုင်သူများ၊ အသုံးချပစ္စည်း ထုတ်လုပ်သူများ၊ စက်ပစ္စည်းကိရိယာများ ကိုင်တွယ်လုပ်ကိုင်သူများ၊ စာရေးဆရာများ၊ အနုပညာလက်ရာများ စသည်စသည်တို့ဖြစ်၏။ မိမိတို့လူမျိုးမှာ တက်ကြွသော ဝီရိယစိတ်သည် အမာခံအနှစ်သာရဖြစ်ခဲ့ပြီး ရံဖန်ရံခါ လွဲချော်မှုများကို ပြုပြင်ပေး၊ ချို့တဲ့ခြင်းများကို ဖြည့်စွမ်းပေးခဲ့သည်မှာလည်း ဤဝီရိယစိတ်ဖြစ်၏။

မိမိတို့ကို အကောင်းဆုံး ပညာပေးလေ့ကျင့်စေခဲ့သည်မှာလည်း ဤဝီရိယစွမ်းအားဖြစ်သည်။ အလုပ်ကိုမှန်မှန်ဆက်လက်၍ လုပ်ကိုင်နေခြင်းသည် တစ်ဦးချင်းအဖို့ ကျန်းမာသန်စွမ်းအားကိုပေးသော အလေ့အကျင့်ဖြစ်ရာ၊ တစ်နိုင်ငံလုံးအတွက်ရော နိုင်ငံအစိုးရအတွက်ပါ အကောင်းဆုံးသော လက်တွေ့ကျင့်ဝတ်စည်းကမ်း ဖြစ်သည်။ (discipline ကို စည်းကမ်းဆိုတာထက် လက်တွေ့လိုက်နာရသော ကျင့်ဝတ်ဟု နားလည်ရသည်။ ဗမိုး)

discipline ကို စာလုံးတစ်လုံးတည်းနှင့် ညီမျှခြင်းဆွဲရလျှင် discipline-training သိက္ခာရှိသော ဝီရိယသည် အလုပ်လုပ်ရခြင်း၌ ပျော်ပိုက်သည်။ တာဝန်အဖြစ် လှုပ်ရှားရခြင်းကိုလည်း နှစ်ခြိုက်၏။

Honourable industry always travels the same road with the same enjoyment and duty.

mgyoe.com